**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**၃၀ ရက်မြောက်နေ့အစီအစဉ်**

**၃ – ၁၀ – ၂၀၁၁ (တနင်္လာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **"လယ်ယာစိုက်ပျိုးရေး အထောက်အကူပြု စက်ယန္တရားများ တင်သွင်းခွင့်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးဝင်းမြင့်၊ မြင်းခြံ မဲဆန္ဒနယ်၏ **"မော်တော်ယာဉ်နှင့် လုပ်ငန်းသုံး ယာဉ်များ တင်သွင်းခွင့်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးစိုင်းစောတင်၊ မိုင်းယောင်း မဲဆန္ဒနယ်၏ **"ယခင်နှစ်ပိုလျှံစပါးများကို ရောင်းချနိုင်ရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဃ ) ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **"စက်ပစ္စည်းများတင်သွင်းခွင့်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်၏ **"နယ်စပ်ကုန်သွယ်ရေးစခန်းမှ ရရှိသောအခွန်အခ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၏ **"မြန်မာ–ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **"ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်း"**ကို ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက **"ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း"** ကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **"ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်း"**ကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ၃၁ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။